**လျှပ်စစ်စွမ်းအင်ဝန်ကြီးမှ နမ္မတူမြစ်ပေါ်တည်ဆောက်နေသည့် အထက်ရဲရွာရေကာတာအား ဦးတည်ဖော်ဆောင်ရန်အတွက် အစည်းအဝေးကို တာလုံကျေးရွာသူ/ရွာသားများမှ ဆန္ဒပြကန့်ကွက်သည့် သဘောထားထုတ်ပြန်ချက်**

နိုဝင်ဘာ၊ ၂၄၊ ၂၀၁၉

ယနေ့ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့မှ တာလုံကျေးရွာသူ/သားများသည် နမ္မတူမြစ်ပေါ်တွင် တည်ဆောက်နေသည့် အထက်ရဲရွာရေကာတာ ဦးတည်ဖော်ဆောင်ရန်နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးစိုင်းဆိုင်တစ်လုံ နှင့်အဖွဲ့သားများမှ ဒေသခံများနှင့်တွေ့ဆုံခြင်း အစည်းအဝေးကို ဆန့်ကျင်ကန့်ကွက်ကြောင်း ဆန္ဒပြခဲ့ကြပါသည်။

တာလုံကျေးရွာသည် နမ္မတူမြစ်ကမ်းဘေးတွင်တည်ရှိပြီး အထက်ရဲရွာရေကာတာ၏ အထက်ဘက်ပိုင်းတည်ရှိသည်။ ဒေသတွင်းထဲတွင် စစ်မက်ဖြစ်ပွားရာနေရာ ဖြစ်သော်ငြားလည်း တရုတ် ၊ ဂျပန် ၊ ဂျာမဏီ နှင့် ဆွစ်ဇလန်နိုင်ငံ ကုမ္ပဏီများမှ ၎င်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်နေပါသည်။ ယင်းရေကာတာဆောက်လုပ်ပြီးပါက လူဦးရေ ၇၀၀ ခန့်နေထိုင်လျှက်ရှိသော တာလုံကျေးရွာ၊ ရှေးဟောင်းသာသနာ့အဆောက်အအုံများနှင့် သဘာဝမြေဆီလွှာကြွယ်ဝသော ဥယျာဉ်ခြံမြေများအားလုံးသည် ရေအောက်သို့လုံးဝကျရောက်သွားမည် ဖြစ်သည်။

တာလုံကျေးရွာသူ နန်းလောင်ခမ်း မှ "ကျွန်မတို့ရေကာတာ ရပ်တန့်ပေးရန်အတွက် အကြိမ်ပေါင်းများစွာတောင်းဆိုခဲ့ပြီး၊ သို့ပေမယ့်လည်း အစိုးရက ကျွန်မတို့ အသံနားမထောင်ပေးတာ။ သူတို့လာတာလည်း ရေကာတာဆောက်ဖို့အရေးပဲလာပြောမယ် ဆိုတော့ ဘာ့ကြောင့် ကျွန်မတို့က ဝန်ကြီးတွေ့စရာအကြောင်းရှိတော့သလဲ" ဟု ပြောကြားခဲ့သည်။

ရွာသူရွာသားအများစုသည် သဘာဝနည်းဖြင့် စိုက်ပျိုးထားသော ရှောက်ချိုသီး နှင့် ရှောက်ပန်းသီးခြံများကို အနည်းဆုံး ၂ ဧက ပိုင်ဆိုင်ထားကြသည်။ ဥပမာ - အနေဖြင့် တာလုံကျေးရွာမှ ရှောက်သီး ခြံ ၂ ဧကကို ပိုင်ဆိုင်သော ဦးစိုင်းကျော်အေးသည် တစ်နှစ်တွင် ပိသာချိန် ၂၈၀၀၀ ထွက်ရှိပြီး ကျပ်သိန်းပေါင်း ၁၉.၆၀၀.၀၀၀ (၁၂,၉၃၇ USD) ကိုရရှိနိုင်ခဲ့သည်။

နမ္မတူမြစ်ပေါ်တွင် အကြီးစားရေကာတာစီမံကိန်း ၃ခုရှိပြီး နော်ဝေးနိုင်ငံပိုင် SN Power ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ၇၃၅ မီကာဂပ်ထွက်ရှိမည့် အလယ်ရဲရွာ စီမံကိန်းသည်လည်း မြန်မာနိုင်ငံသမိုင်းဝင် ကျောက်ကြန့် (Kyakkyan) လျှော်ကြောလိုင်း၏ အလယ်ဗဟိုတွင် တည်ရှိပြီး စစ်မက်ဖြစ်ပွားရာ နောင်ချိုမြို့အတွင်းတွင် တည်ရှိသည်။ လွန်ခဲ့သော အပတ်တွင် လာအိုနိုင်ငံ ဆိုင်ယမူးလီး ရေကာတာ၏ ရေဝတ်ဧရိယာအလေးကြောင့် ၆.၁ ပြင်းအားရှိ ငလျင်ခလုတ်ဖွင့်ပေးသလိုမျိုး ငလျင်လှုပ်ခဲ့ပြီး အလယ်ရဲရွာစီမံကိန်းအတွက် ဆိုင်ယမူးလီး ရေကာတာကဲ့သို့ စိုးရိမ်နေရပါသည်။

ဆိုင်ယမူးလီး ရေကာတာ၏ အောက်ပိုင်းရေများ ခန်းခြောက်သွားသော ဓါတ်ပုံများသည် ကျွန်ုပ်တို့ အသိပေးခဲ့ပြီး တုန်လုပ်စေသည်။

ဆက်လက်ပြီး နန်းလောဝ်ခမ်းမှ " အလွန်ကြီးမားသောမဲခေါင်မြစ်တွင် ရေချောင်းအသေးလေးကဲ့သို့ ပြောင်းလဲစေခဲ့ပြီး ကျွန်မတို့ နမ္မတူမြစ်အတွက်ဆိုရင် ဘာဖြစ်သွားမလဲ" ဟု ဆက်လက်ပြောကြောင်းခဲ့သည်။

စိုင်းထမ်းအိုက်   ၀၉ ၄၅၃ ၁၃၂ ၇၅၅

နန်းလောဂ်ခမ်း  ၀၉ ၂၆၂ ၁၀၈ ၀၆၂